

ဆုမြတ်လှိုင်

စာစဉ် - ၁၃

# အမှိုက်ဝကောင်း ပြန်ရှင်လာပြီ

# အပိုင်း ၁၇၆

ယွန်ဟူက ရှေ့မှဦးဆောင်နေသည့် ရီဖန်ကိုကြည့်ကာ အသံကိုတိုးပြီး မေးသည်။

"အဲဒီအနက်ရောင်နဲ့လူက ဘယ်သူလဲ။ သူ ဝတ်ထားတဲ့ပုံစံက တကယ်ကို ထူးဆန်းတာပဲ"

"သူ့ရဲ့အရသာခံနိုင်စွမ်းကိုက အဲဒီအတိုင်းပဲ"

ကျွင်းဟောင်က ပြောသည်။

"သူက တော်တော် ဆိုးရွားတာပဲ"

ယွန်ဟူက ပြန်ဖြေ၏။

ရီဖန်က ရေနဂါးများစွာကို အသာအယာ ထိန်းချုပ် အသုံးပြုနိုင်ခဲ့ကြောင်း ပြန်သတိရသွားသည့်အချိန်တွင် ယွန်ဟူအနေဖြင့် အလန့်တကြား ဖြစ်သွားသည်။ ရီဖန်ကိုသာ ရန်သူတော်ရမည်ဆိုလျှင် သူ့အနေဖြင့် တွဲလောင်း အဆွဲခံရနိုင်၏။

ယွန်ဟူ ခေါင်းကုတ်လိုက်သည်။ သူ၏ပတ်ဝန်းကျင်တွင် ထိုကဲ့သို့သော သူမျိုးတွေ ပတ်လည်ဝိုင်းနေခဲ့ကာ အခြေအနေက ကြောက်မက်ဖွယ်ကောင်းလွန်းလှပေ၏။

ယွန်ဟူက ကျွင်းဟောင်နှင့် ချီရှောက်ရှန်တို့ကို ကြည့်လိုက်သည်။

ယုံကြည်မှုက သူ့ထံ ပြန်လည်ပြည့်နှက် လာပြန်သည်။

ကျွင်းဟောင်က ရီဖန်က အရှေ့မှသွားကာ ပြောနေကြောင်း မြင်သည့်အခါ ဆက်ပြောလာသည်။

"အဲဒီကောင်က စိတ်အခြေအနေလည်း ကောင်းတာမဟုတ်ဘူး။ သူ့ရဲ့ စိတ်သဘောထားကလည်း တော်တော် ဆိုးတယ်။ ဒီတော့ သူနဲ့ဝေးဝေးနေတာ ကောင်းလိမ့်မယ်"

"ဘာလို့လဲ"

"ပြောဖို့ ခက်တယ်။ သူက မသွားချင်တဲ့နေရာကနေ ခွဲလာခဲ့ရတော့ စိတ်အခြေအနေ မကောင်းတော့ဘူးပေါ့"

ကျွင်းဟောင်က ပြောသည်။

ယွန်ဟူက ကျွင်းဟောင်ကိုကြည့်သည်။

"ဘာတွေ ပြောနေတာလဲ"

"ထားလိုက်ပါတော့"

"အဲဒီကောင်ကတော့ စွမ်းအား တော်တော်ကြီးမဲ့ပုံပဲ"

ယွန်ဟူက လေးစားမှုအပြည့်ဖြင့် ပြောသည်။

ကျွင်းဟောင်က ဝင်ပြောသည်။

"မင်းအတွက်တော့ သူက တကယ် စွမ်းအားကြီးမားတာပေါ့"

"ငါ့အတွက်လည်း စွမ်းအားကြီးတယ်။ မင်းအတွက်ဆိုပိုပြီးတော့တောင် စွမ်းအားကြီးဦးမယ်။ မင်းက ငါ့လောက်တောင် မတော်ဘူးလေ"

ယွန်ဟူက ပြောသည်။

ကျွင်းဟောင် "..."

"မင်းတို့ကောင်တွေ အင်အားကြီးတဲ့လူတွေအများကြီးနဲ့ ဘာလို့ သိနေကြတာလဲ"

ယွန်ဟူက ပြောသည်။

ကျွင်းဟောင် "..."

"အင်အားကြီးတဲ့သူ အများကြီးနဲ့အတူ ရှိနေရတာ မင်းတော်တော် ဖိအားများမှာပဲ"

ယွန်ဟူက သူ့ကို စိုးရိမ်ကြီးစွာ ကြည့်ကာ ပြောသည်။

ကျွင်းဟောင် "..."

ရီဖန်က ကျွင်းဟောင်၏အနားသို့ လျှောက်လာသည်။ ကျွင်းဟောင်က သူ့ကိုကြည့်ကာ ပြုံးလိုက်၏။

"လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ရီဖန်က ပြောသည်။

"မင်းအတွက် လာတာမှမဟုတ်တာ"

"ငါ သိတယ်"

"ဒီအချိန်အတောအတွင်းမှာ ငါ ကြားထားတဲ့အတိုင်းဆိုရင် မင်းရဲ့ဘဝက တော်တော်လေး ဆိုးရွားခဲ့တဲ့ပုံပဲ"

ရီဖန်က နောက်သည်။

ကျွင်းဟောင် "..."

"မင်း ဆုံးဖြတ်တာ မှန်ပါတယ်။ တိမ်တောအုပ်ကို သွားတဲ့လမ်းမှာ ငါ လူအများကြီးနဲ့ ဆုံခဲ့သေးတယ်"

"အဲဒီပြည်နယ်က သူတွေပဲလား။ မင်း သူတို့နဲ့ဆုံတော့ ဘာဖြစ်ခဲ့သေး

လဲ"

ယွန်ဟူက ဝင်မေးသည်။

ရီဖန်က ယွန်ဟူကို တစ်ချက်ကြည့်သည်။ ထို့နောက် ကျွင်းဟောင်ကိုသာ စိုက်ကြည့်ကာပြော၏။

"အခုလောလောဆယ် မင်းကိုယ်မင်းတောင် ကာကွယ်ဖို့ ဒီလောက်ခက်နေတာ ဘာလို့အသုံးမဝင်တဲ့ ဝက်ခေါင်းလိုလူတွေကို သယ်လာတာလဲ"

ယွန်ဟူ "..."

"ထားလိုက်တော့ ငါ သူ့အဘိုးကို ကတိပေးထားတယ်"

ကျွင်းဟောင်က ပြောသည်။

ရီဖန်က ကျွင်းဟောင်ကို တစ်ချက်ကြည့်ကာပြော၏။

"ငါ မင်းတို့ကို ဆက်မပြောတော့ဘူး။ ငါ သခင်လေးကိုပဲ သွားရှာတော့မယ်"

ယွန်ဟူက ရီဖန်၏ကျောပြင်ကိုကြည့်ကာ မျက်တောင် တဖျတ်ဖျတ်ခတ်ပြီး ကျွင်းဟောင်ကိုပြောသည်။

"သူပြောတဲ့ ဝက်ခေါင်းလိုလူဆိုတာ ငါလား"

ကျွင်းဟာင်းက သူ့ကိုတစ်ချက်ကြည့်ကာပြောသည်။

"မဟုတ်ပါဘူး"

"မဟုတ်ဘူးလား ဘယ်လိုဖြစ်နိုင်မှာလဲ။ သူ ပြောသွားတာ ငါပါ"

"ရန်သူ"

ရုတ်တရက် ကျွင်းချန်၏အသံက တောအုပ်ထဲတွင် ဟိန်းသွားသည်။ ကျွင်းဟောင်၏မျက်ဝန်းမှ ရွှေရောင်အလင်းများ လင်းလက်တောက်ပလာကာ

တုတ်တံတစ်ချောင်းက လက်ထဲတွင် ထွက်ပေါ်လာ၏။ ထို့နောက် မိုးခြိမ်းသံများက တောအုပ်ထဲတွင် ပဲ့တင်ထွက်သွားပြန်သည်။ တောထဲတွင် ပုန်းအောင်းနေသည့် ရန်သူများက မည်သည့်ပုံသဏ္ဍာန်များဖြင့် မမြင်ရသေးခင်မှာပင် မီးသွေးတုံးဖြစ်သွားရသည်။

ကျွင်းဟောင်ကို ကြည့်ကာ သူ အံ့သြသွားသည်။

"မင်း"

ကျွင်းဟောင်က ယွန်ဟူကိုကြည့်ကာပြော၏။

"ဒါက လူတစ်သုတ်ပဲရှိသေးတယ်။ နောက်ပိုင်းလည်း အသက်ရှင်အောင်နေပါဦး"

ယွန်ဟူက ကျွင်းဟောင်ကိုကြည့်ကာ အံ့သြသွားသည်။ ထို့နောက် ကျွင်းချန်ကို ကြည့်ကာပြော၏။

"သူ သူ မှော်စွမ်းအင်မသုံးနိုင်ဘူး မဟုတ်ဘူးလား။ ဘယ်လိုဖြစ်ပြီး"

"အရင်ကတော့ တစ်ခုခု ဖြစ်နေလို့လေ။ ဒါကြောင့် သူ့ရဲ့မှော်စွမ်းအင်တွေ ချိတ်ပိတ်ခံထားရတာ"

ကျွင်းချန်က ရှင်းပြလိုက်သည်။

ယွန်ဟူ မျက်လုံးပြူးသွားသည်။

"ဒီလိုဆိုရင် မအံ့သြတော့ပါဘူး။ မင်းရဲ့စွမ်းအားကရော အရမ်းကြီးတာပဲလား"

"ဒီလိုပါပဲ"

ယွန်ဟူက ကျွင်းဟောင်၏ စွမ်းရည်များကို ကြည့်သည်။ သူက တစ်ချက်ထဲဖြင့် ရန်သူများစွာကို သတ်နိုင်ခဲ့ခြင်းက အလွန်အမင်း စွမ်းအားကြီးမားကြောင်း သိသာစေသည်။

........

ယွန်ဟူက မီးပုံဘေးနားတွင် ထိုင်နေကာ အသားကင်ကို စားနေသည်။ သူ၏မျက်နှာက အနည်းငယ် မသက်မသာ ဖြစ်နေခဲ့သည်။

"အရှူး ဘာဖြစ်နေတာလဲ"

"ငါ့ကို အရှူးလို့မခေါ်နဲ့"

ယွန်ဟူက ပြန်ပြောသည်။

"ဒါဆို ဘယ်လို ခေါ်ရမှာလဲ"

ယွန်ဟူက နှာခေါင်းရှုံ့ပြီး ကျွင်းဟောင်ရှိရာဘက်သို့ ညွှန်ပြ၏။

"အဲဒီကောင်က မင်းနဲ့ဆယ်ရက်လောက် အတူ နေခဲ့တာမဟုတ်ဘူးလား။ အခု ဘာဖြစ်ပြန်ပြီလဲ"

ယွန်ဟူက ခေါင်းကုတ်ပြီးနောက် ချီဟန်ကိုကြည့်ကာပြော၏

"အရင်က ငါ သူ့ကို သူခိုးလို့ခေါ်ခဲ့တာ"

ချီဟန် "..."

သူခိုးဆိုတာက စိတ်ဝင်စားဖို့ကောင်းတဲ့နာမည်ပဲ။

"မင်းတို့ သူ့ကို အားဟောင်လို့ခေါ်တာ မဟုတ်လား။ ငါ သူ့ကို အားဟောင်လို့ ခေါ်သင့်တာလား။ ဒီနာမည်က နည်းနည်း မိန်းကလေးဆန်သလိုပဲ"

ယွန်ဟူက မကျေမနပ်ပြောသည်။

ချီဟန်က ယွန်ဟူကို ကြည့်ကာကြောင်သွား၏။

"မင်းကတော့ တကယ်ကိုပါပဲ"

သခင်လေးဒီအတောအတွင်းမှာ မရှူးသွားတာက တကယ် ကံကောင်းတာ

ပဲ။ ဒီကောင်ရဲ့ဦးနှောက်က တော်တော်လေးကို ဆိုးဆိုးရွားရွားကြီး ပျက်စီးနေတာ။

ယွန်ဟူက ခေါင်းကုတ်ပြီးပြောသည်။

"တကယ်တော့ ငါ အရမ်းကြီး ပါရမီကောင်းတာမျိုးတော့မဟုတ်ဘူး"

ချီဟန်က ယွန်ဟူကို ကြည့်ကာပြောသည်။

"သူ့နာမည်ကို ကျွင်းဟောင်လို့ခေါ်တယ်"

***